EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၆

စက်တင်ဘာ ၃ ရက်၊ ၂၀၁၉

## လက်နက်ကြီးကျရောက်ပြီး လူအများအပြား သေဆုံးဒဏ်ရာရရခဲ့သည့် ပန်းမြောင်းဖြစ်စဉ်ကို လွှတ်တော်သို့ အစီရင်ခံစာတင်ပြမည်

ဩဂုတ် ၂၆၊ ၂၀၁၉




ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာရှိ နေအိမ်တစ်အိမ်အတွင်းသို့ ဩဂုတ်လ ၂၄ ရက်နေ့ နံနက် ၁၀ နာရီခန့်က လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ၃ ဦး သေဆုံးပြီးကျန် ၄ ဦးမှာပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

လက်နက်ကြီးကျရောက်မှုကြောင့် သေဆုံးသွားသူသုံးဦးမှာ ၁၀ တန်းကျောင်းသူ မညိုညိုဝင်း ၁၅ နှစ်၊ လေးတန်းကျောင်းသား မောင်မင်းထက်ကျော် ၁၀ နှစ်နှင့် KG တန်း မောင်အောင်ဇင်ဖြိုး ၆ နှစ်တို့ ဖြစ်ကြသည်။ ဒဏ်ရာရရှိခဲ့သူ ၄ ဦးမှာ မြောက်ဦးဆေးရုံနှင့် စစ်တွေဆေးရုံတို့တွင် ဆေးကုသမှုခံယူလျက် ရှိကြောင်း သိရသည်။

အဆိုပါ လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်အား မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရသူတို့၏ ထွက်ဆိုချက်များကို လွှတ်တော်တွင် ဩဂုတ်လ ၂၇ ရက်နေ့၌ အစီရင်ခံစာတစ်စောင် တင်ပြသွားမည်ဖြစ်ကြောင်း မင်းပြားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင်က ပြောသည်။

"ပန်းမြောင်းမှာ ဖြစ်စဉ်အကျဉ်းကို မျက်မြင်ကိုယ်တွေ့တွေ့ရှိတယ်။ သူတို့ရဲ့ ထွက်ဆိုချက်တွေကို ကျွန်တော်က လွှတ်တော်တွေကို အစီရင်ခံစာကိုတင်ပြသွားမှာပါ။ ပါတီဌာနချုပ် (ANP) ကိုလည်း ပကတိအမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ မျက်မြင်တွေရဲ့ ထွက်ဆိုချက်တွေကို သက်သေအနေနဲ့ လက်မှတ်ထိုးပြီးရယူပြီးမှ အမှန်တကယ် ဒီနေရာမှာ ဖြစ်ပျက်ချက်တွေကို လွှတ်တော်ကိုရော ပါတီကိုရော အစီရင်ခံစာတင်ပြသွားပါမယ်"ဟု ဦးလှသိန်းအောင်ကဆိုသည်။

နေအိမ်အတွင်းကျရောက်သည့် လက်နက်ကြီးသည် တပ်မတော်က ပန်းမြောင်းကျေးရွာအတွင်းရှိ တောင်ကုန်းပေါ်မှနေ၍ တိုက်ပွဲဖြစ်ပွားရာနေရာသို့ ပစ်ခတ်ရာမှ ကျရောက်လာခြင်းဖြစ်ကြောင်း ကျေးရွာသားများက ပြောဆိုကြသည်။ သို့သော် တပ်မတော်က ၎င်းတို့ပစ်ခတ်သည့် လက်နက်မဟုတ်ကြောင်း ငြင်းဆိုထားသည်။

နောင်အခါတွင် ယခုကဲ့သို့အဖြစ်မျိုး မဖြစ်ရအောင် လက်နက်ကြီးများကို ပြည်သူများနှင့်လွတ်ရာတွင်သာပစ်ခတ်ရန် ပန်းမြောင်းကျေးရွာသားများမှ တောင်းဆိုကြကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင်က ပြောသည်။

"နောက်နောင် အခုလိုအဖြစ်မျိုးမဖြစ်ရအောင်၊ ကျန်တဲ့ဒေသတွေမှာလည်း အခုလိုမဖြစ်ရအောင်အတွက် ပြည်သူတွေနဲ့လွတ်ရာမှာပဲ အခုလို လက်နက်ကြီးကျည်တွေနဲ့ ပြည်သူတွေကိုအကာအကွယ်ယူတဲ့ပုံစံမျိုးနဲ့ လုပ်ပြီးတော့မပစ်ဖို့အပိုင်းတွေကို တောင်းဆိုကြတယ်"ဟု ၎င်းကပြောသည်။

လက်နက်ကြီးကျရောက်မှုကြောင့် သေဆုံးခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူ ၃ ဦးကို ပန်းမြောင်းကျေးရွာသုသာန်တွင် ဩဂုတ်လ ၂၅ ရက်နေ့က ဂူသွင်းသဂြိုဟ်ခဲ့ကြသည်။

လက်ရှိ ပန်းမြောင်းကျေးရွာသားများမှာ ကျေးရွာအတွင်း လက်နက်ကြီးကျရောက်မှုကြောင့် စိုးရိမ်ကြောက်လန့်ကာ နီးစပ်ရာကျေးရွာများသို့ ထွက်ပြေးနေကြကြောင်းလည်း သိရသည်။

(ကိုးကား-https://www.dmgburmese.com)

# မွန်ပြည်နယ်အတွင်း သဘာဝအရင်းအမြစ်ကို ထုတ်ယူသုံးစွဲသည့်စီမံကိန်းများ ပိုများနေဟုဆို

**ဩဂုတ် ၃၀၊၂၀၁၉**

မွန်ပြည်နယ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးထက်သဘာဝ အ ရင်းအမြစ်ကိုထုတ်ယူသုံးစွဲသည့် ရင်းနှီးမြှုပ်နှံမှု ပိုများကြောင်း မွန်ပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်းစိစစ်ရေး၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သူက ပြောသည်။

ဩဂုတ် ၂၈ ရက်က မွန်ပြည်နယ်လွှတ်တော်ရုံးတွင် ပြုလုပ်သော MIC ၏ မွန်ပြည်နယ်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းစဉ်များအပေါ် လေ့လာစိစစ်သုံးသပ်မှုပြုလုပ်ခြင်းဆိုင်ရာ ပြည်သူလူထုကြားနာပွဲ၌ ၎င်းက ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

“မွန်ပြည်နယ်မှာ သဘာဝ အရင်းအမြစ်ကို ထုတ်ယူသုံးစွဲတဲ့ ရင်းနှီးမြှုပ်နှံမှုပိုများနေတယ်။ ကျိုက်ထိုမြို့မှာ ကျောက်မိုင်းတွေ၊ ကျိုက်မရောမြို့မှာဆိုရင် ဘိလပ်မြေစက်ရုံတွေ ရှိတယ်။ ဒေသခံတွေနဲ့လည်း ပဋိပက္ခဖြစ်နေတာရှိတယ်။ ရေရှည်မှာ ရင်းနှီးမြှုပ်နှံမှုတွေလာခဲ့ရင် ကျွန်တော်တို့က ဘယ်လိုဖြေရှင်းမလဲ” ဟု ဦးအောင်ကျော်သူက ပြောသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး လယ်မြေကိစ္စများ အငြင်းပွားမှုရှိနေသေးကြောင်း၊ ထိုအငြင်းပွားမှုများသည် ယခင်အစိုးရလက်ထက်ကဖြစ်ပြီး လယ်မြေများကို ကာလပေါက်ဈေးအတိုင်း ဝယ်ယူခြင်းမရှိသဖြင့် ၎င်းတို့ကော်မတီတွင် တိုင်ကြားစာ ၁၀ ခုခန့်ရှိကြောင်း ဦးအောင်ကျော်သူက ဆိုသည်။



ဓာတ်ပုံ - Aung Kyaw Thu's facebook

“ဒီနှစ်မှာ MIC က ခွင့်ပြုလို့ ရင်းနှီးမြှုပ်နှံမှုလာလုပ်တာ နိုင်ငံခြားကနှစ်ခု၊ မြန်မာနိုင်ငံကတစ်ခုပါ။ ပြည်နယ်ကော်မတီက ခွင့်ပြုလိုက်တာ နိုင်ငံခြားကနှစ်ခုနဲ့ မြန်မာနိုင်ငံကရှစ်ခုရှိတယ်”ဟု မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကော်မရှင်ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့် စိန်ခေါ်မှုကြီး ကြီးမားမားမရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုစတင်လုပ်ကိုင်ချိန်တွင် ဒေသအခံအချို့၏ ကန့်ကွက်မှုရှိသော်လည်း ညှိနှိုင်းဆောင်ရွက်ခြင်းလမ်းကြောင်းအတိုင်း ဆောင်ရွက်သဖြင့် ဒေသခံများ နားလည်မှုရှိပြီးဖြစ်ကြောင်း ပေါင်မြို့ရှိ ကျောက်မိုင်းကုမ္ပဏီတစ်ခုဖြစ်သော Long Life Aggregate Mining Co.Ltd ဒါရိုက်တာ ဦးအောင်သက်ဌေးက ဆိုသည်။

မွန်ပြည်နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများသည် PSC စနစ်ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်များ တူးဖော်ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ နိုင်ငံတကာအဆင့်မီ ရေဒီယယ်တာတာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း စသည်တို့ဖြစ်ကြောင်း မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးစာရင်း.တွင် ဖော်ပြထားသည်။

(ကိုးကား:-https://www.7daydaily.com)

# မြေလွတ်မြေရိုင်းဧက ၁၀၀ ကို ကသာမြို့နယ်ရှိ မြေမဲ့ယာမဲ့တောင်သူများအား ပေးမည်

**ဩဂုတ် ၁၉ ၊ ၂၀၁၉**

ကသာမြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ရန် ပုံငွေဖြင့် မြေလွတ်မြေရိုင်းဧက ၁၀၀ ကို မြေမဲ့ယာမဲ့တောင်သူများ ပေးအပ်မည်ဖြစ်ကြောင်း ကသာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောသည်။

ကသာမြို့နယ်အတွင်း မြေလွတ်မြေရိုင်းမှ လယ်ယာမြေဧက ၁၀၀ အနက် နမ့်စမ်းကျေးရွာအတွက် လယ်မြေဧက ၅၀ ကို တောင်သူ ၂၅ ဦးအား ဩဂုတ် ၁၈ ရက်က ယာယီလုပ်ကိုင်ခွင့်ပုံစံ (၇) ပေးအပ်ခဲ့သည်။

“ကသာမြို့နယ်အတွင်း လယ်မဲ့ယာမဲ့တောင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နေရေးထိုင်ရေး၊ စားသောက်ရေး အဆင်ပြေအောင် ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးအပ်ခြင်းဖြစ်ကြောင်း ဦးညီညီထွန်းက ပြောသည်။

ကသာမြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်၌ အဆင့်မြင့် လယ်မြေဧက ၁၀၀ ဖော်ထုတ်ခြင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့် မြေလွတ်မြေရိုင်းဧက ၂၀၀ ကို ကျပ်သိန်း ၁,၂၀၀ အကုန်အကျခံဖော်ထုတ်၍ မြေမဲ့ယာမဲ့တောင်သူများအား ပေးအပ်ခဲ့သည်။

ယခုနှစ်တွင် ကသာမြို့နယ် နမ့်စမ်းကျေးရွာအတွက် မြေဧက ၅၀ နှင့် ဆူးပုပ်ကုန်းကျေးရွာအတွက် မြေဧက ၅၀ ဖော်ထုတ်ရန် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေမှ ကျပ်သိန်း ၆၀၀ အကုန်အကျခံသုံးစွဲခဲ့ကြောင်း ဦးညီညီထွန်းက ပြောသည်။

(ကိုးကား:-https://www.7daydaily.com)

# ဧရာဝတီတိုင်းလွှတ်တော် ဒုဥက္ကဋ္ဌဟောင်းကို ငွေ ၁၉ သိန်း ကိစ္စဖြင့် တရားစွဲဆိုခြင်းဟုဆို

ဩဂုတ် ၃၀၊၂၀၁၉

၁၉ သိန်းကျော်ကို ကိုယ်ကျိုးအတွက် အသုံးပြုခြင်းကြောင့်ဟုဆိုကာ လွှတ်တော် ဒုဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးစံမင်းအောင်ကို ဧရာဝတီတိုင်း လွှတ်တော်က တရားစွဲဆိုခြင်း ဖြစ်ကြောင်း သိရသည်။

ဦးစံမင်းအောင်၏ ဥပဒေ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဦးက "ဦးစံမင်းအောင်ကို တရားစွဲတာက လွှတ်တော်အတွက် ကားဝယ်ယူရာမှာ ကားပြင်ဆင်စရိတ် ၁၉ သိန်း ၄ သောင်းကျပ်ကို ကိုယ်ကျိုးအတွက်အသုံးပြုပြီး၊ စာချုပ်ကို Back Date (နောက်ကြောင်းပြန်ရက်စွဲ) နဲ့ ချုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပုဒ်မ ၄၀၉ နဲ့ အမှုဖွင့် တရားစွဲဆိုထားတာလို့ တရားလိုရဲ့ တိုင်ချက်မှာ ဖော်ပြထားပါတယ်"ဟု ဧရာဝတီကို ပြောသည်။

ဦးစံမင်းအောင်ကို ဧရာဝတီတိုင်းလွှတ်တော်၏ တာဝန်ပေးချက်အရ လွှတ်တော်ရုံးမှ ဒု-ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက ပုဒ်မ ၄၀၉ (ယုံကြည်အပ်နှံဖောက်ဖျက်မှု) ဖြင့် တရားလို ပြုလုပ်၍ ပြီးခဲ့သည့် မေလက ပုသိမ်မြို့မရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

ဦးစံမင်းအောင် အမှုကို ပြည်ထောင်စု ဥပဒေချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်တို့၏ အကြံပေးချက်များအရ ရဲတပ ဖွဲ့က စစ်ဆေးကာ အမှုတည်ဆောက်ပြီးနောက် ဩဂုတ်လ ၂၂ ရက်တွင် ပုသိမ်မြို့နယ်တရားရုံး၌ ပထမဆုံး ကြားနာစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

စွပ်စွဲခံရသူ လွှတ်တော်ကိုယ်စားလှယ် ဦးစံမင်းအောင်က မိမိ ကျန်းမာရေးမကောင်းသဖြင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေရသည့်အတွက် အာမခံပေးရန် လျှောက်ထားခဲ့သည်။

လက်ရှိတွင် အာမခံပေးမပေး ဆုံးဖြတ်ခြင်းမရှိသေးသည့်အတွက် ရဲတပ်ဖွဲ့က လွှတ်တော်ဒု-ဥက္ကဋ္ဌဟောင်း ဦးစံမင်းအောင်ကို ပုသိမ်အကျဉ်းထောင်အချုပ်၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဦးစံမင်းအောင်ကို လွှတ်တော်ရုံးမှ တရားစွဲဆိုရန် ခွင့်ပြုပေးခဲ့သူ ဧရာဝတီတိုင်းလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က "ကိုစံမင်းအောင်ကို တရားစွဲတာက ငွေကိစ္စတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး ထင်တယ်ဗျ။ စာချုပ်ကိုနောက်ကြောင်း ပြန်ချုပ်တဲ့ကိစ္စတွေလည်းပါလိမ့်မယ်။ ဒါက ကျွန်တော်ထင်တာ ပြောတာပါ။ တရားရုံးမှာ စစ်ဆေးတဲ့အခါကျတော့သိရမှာပါ"ဟု ပြောသည်။

မိမိအနေဖြင့် လွှတ်တော်အတွက် ကားများဝယ်ယူရာတွင် ငွေကြေးကိုစာရင်းဇယားများနှင့် အတိအကျ လုပ်ဆောင်ခဲ့သည့်အတွက် တရားရုံးတော်တွင်လည်း စာရင်းအတိအကျဖြင့် တင်ပြဖြေရှင်းသွားမည်ဖြစ်ကြောင်း စွပ်စွဲခံရသူ ဦးစံမင်းအောင်က တရားရုံးထုတ်ချိန်တွင် ဧရာဝတီကိုပြောသည်။

ဦးစံမင်းအောင်မှာ လွှတ်တော် ဒု-ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ၂၀၁၈ ခုနှစ် အတွင်းက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် အသုံးပြုမည့် ကား ၅ စီး ဝယ်ယူရန် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ကျပ်သိန်း ၁၅၈၀ ရရှိခဲ့ပြီး ကားဝယ်ယူရန် တိုင်းလွှတ်တော်မှ ကော်မတီဖွဲ့စည်းကာ တင်ဒါခေါ်ယူခဲ့ကြောင်း သိရသည်။

ကားဝယ်ယူရေး အတွက် ဧရာဝတီတိုင်း အစိုးရအဖွဲ့ထံတင်ပြခဲ့ရာ ခွင့်ပြုသည့်အတွက် တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်မှ အဖွဲ့ဝင် ၈ ဦးပါ ကားဝယ်ယူရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဆိုပါအဖွဲ့တွင် လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးစံမင်းအောင်ကို အဖွဲ့ခေါင်းဆောင်၊ ဒုညွှန်ကြားရေးမှူးချုပ်အဆင့်အရာရှိကြီးတစ်ဦးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိများနှင့် တိုင်းလွှတ်တော် ကိုယ်စားလှယ် ၃ ဦးတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်ဟုဆိုသည်။

အဆိုပါကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် တပတ်ရစ် HiAce အံစာတုံးကား ၃ စီး၊ လိုက်ထရပ် ၁ စီးတို့ကို ကုမ္ပဏီတစ်ခုထံမှလည်းကောင်း၊ တိုယိုတာ Extra Cub ကားသစ်တစ်စီးတို့ကို ကုမ္ပဏီတစ်ခုထံမှလည်းကောင်း အသီးသီးဝယ်ယူကာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ကားများဝယ်ယူရာတွင် အဖွဲ့ခေါင်းဆောင် ဦးစံမင်းအောင်အနေဖြင့် ငွေကြေးအလွဲသုံးစားလုပ်ခဲ့သည်ဟု ပုသိမ်မြို့တွင်နေထိုင်သည့် NLD ပါတီနှင့် နီးစပ်သူတစ်ဦးက ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တိုင်ကြားခဲ့သည့်အတွက် NLD ပါတီဗဟိုမှ အရံဗဟိုကော်မတီဝင် ဦးကျော်ဟိုးဦးဆောင်သည့် အထူးစုံစမ်းရေးအဖွဲ့ဖြင့် ပါတီတွင်းစစ်ဆေးပြီးနောက် ပါတီဗဟိုအလုပ်အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဦးစံမင်းအောင်ကို ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် NLD ပါတီမှ ရာသက်ပန် ထုတ်ပယ်ခဲ့သည်။

ဘိုကလေးမြို့မိမြို့ဖ ဦးလှသန်းဦးက "ကျွန်တော်တို့ သိထားတာက ဦးစံမင်းအောင်ဟာ လွှတ်တော်ဒုဥက္ကဋ္ဌ တာဝန်ထမ်းဆောင်တုန်းက လစာတစ်လကို ကျပ် သိန်း ၂၀ ရပါတယ်။ အခုက လွှတ်တော်အတွက် ကားဝယ်ရာမှာ ၁၉ သိန်း ၄ သောင်းကျပ် အလွဲသုံးစား လုပ်လို့ တရားစွဲတယ်ဆိုတော့ တကယ်ပဲ အလွဲသုံးစားလုပ်လို့ စွဲတာလား၊ ဒါမှမဟုတ် သူ့ကိုနိုင်ငံရေးထဲက ဖယ်ထုတ်ချင်လို့ တရားစွဲတာလား စဉ်းစားစရာတွေ ဖြစ်နေတာပေါ့"ဟု ပြောသည်။

ဦးစံမင်းအောင်မှာ အသက် ၃၈ နှစ်အရွယ်ရှိသည့် အထက်တန်းရှေ့နေတစ်ဦးဖြစ်ပြီး ဧရာဝတီတိုင်းလွှတ်တော် ဒု-ဥက္ကဋ္ဌတာဝန်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ၃ နှစ်ကြာ ထမ်းဆောင်ခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ဦးစံမင်းအောင်မှာ ရာထူးမှ နုတ်ထွက်ခဲ့ပြီး ဘိုကလေးမြို့နယ်၊ တိုင်းဒေသကြီး အမှတ်၂ လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို ဆက်လက်ထမ်းဆောင်နေသူဖြစ်သည်။

**(ကိုးကား-https://burma.irrawaddy.com)**